## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
# (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC (၁၂၂၇) ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - ဦးအောင်ဇော်ဦး |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - အောင်ဇော်ဦး လျှပ်စစ်သံရည်ကျိုလုပ်ငန်း<br>အမှတ်(၈/၁၀)၊ ပတ္တမြားရပ်ကွက်၊ စစ်ကိုင်းစက်မှုဇုန်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။<br>ဖုန်း-၀၉ ၇၉၅၇၃၅၈၅၇၊ ၀၉ ၄၂၇၀၆၄၇၂၂ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - လျှပ်စစ်သံရည်ကျိုလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - မြေဧရိယာ (၂) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - အမှတ်(၈/၁၀)၊ ပတ္တမြားရပ်ကွက်၊ စစ်ကိုင်းစက်မှုဇုန်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| (ဆ) | ECC သက်တမ်း (၅)နှစ် | - စတင်ထုတ်ပေးရက် - ၆-၁-၂၀၂၅<br>သက်တမ်းကုန်ဆုံးရက် - ၅-၁-၂၀၃၀ |
| (ဇ) | အတည်ပြုအစီရင်ခံစာ | - ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၏ ၁၀-၉-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၂/ ၇/ ၈ (၃၅၇၇/၂၀၂၄) ဖြင့် တင်ပြခဲ့သည့် "ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာ" |



၂၈.၂.၂၀၂၅

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

**အောင်ဇော်ဦးလျှပ်စစ်သံရည်ကျိုလုပ်ငန်းမှ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းစက်မှုဇုန်၊ ပတ္တမြားရပ်ကွက်၊ အမှတ်(၈/၁၀)၊ မြေရိယာ (၂) ဧကပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်သံရည်ကျိုလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ အောင်ဇော်ဦးလျှပ်စစ်သံရည်ကျိုလုပ်ငန်းမှ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်း စက်မှုဇုန်၊ ပတ္တမြားရပ်ကွက်၊ အမှတ်(၈/၁၀)၊ မြေရိယာ (၂) ဧကပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်သံရည်ကျိုလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၀-၉-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၂/ ၇/ ၈ (၃၅၇၇/၂၀၂၄) ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်း ဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးအောင်ဇော်ဦး၊ အမှတ်(၈/၁၀)၊ ပတ္တမြားရပ်ကွက်၊ စစ်ကိုင်းစက်မှုဇုန်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်မှာ ကုန်ကြမ်းပစ္စည်းများ ဖြစ်သည့် သံထည်အပိုင်းအစများနှင့် ပုံဖိသံထည်တုံးများကို အရည်ကျိုနိုင်သည့် အရွယ်အစားဖြစ်ရန် ဖြတ်တောက်ပြင်ဆင်ခြင်း၊ ပြင်ဆင်ထားသည့် သံစိမ်းနှင့် သံကြွပ်အပိုင်းအစများကို မီးဖိုလုံအတွင်း ထည့်၍ သံရည်ကျိုခြင်း၊ ဓာတ်ကူပစ္စည်းများဖြစ်သည့် Manganese နှင့် Silicon တို့ကို ရောစပ်ခြင်း၊ အပူချိန်ထိန်းချုပ်၍ သံအရည်ပျော်စေခြင်း၊ သံမိုအတွင်း ပုံစံသွန်းလောင်းခြင်း၊ သံစိမ်းသံချောင်းများ ထုတ်လုပ်ခြင်းတို့ ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** ကုန်ကြမ်းများအနေဖြင့် သံထည်အပိုင်းအစများနှင့် ပုံဖိ သံထည်တုံးများ၊ ဆီလီကွန်၊ မဂ္ဂနိစ်၊ စကျင်ကျောက်၊ ဘောရစ်အက်စစ်မှုန့် (Boric Acid Powder) နှင့် မီးခံအဝတ်စ (Asbestos) တို့ကို အသုံးပြုမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းပစ္စည်းများဖြစ်သည့် သံထည် အပိုင်းအစများ၊ ပုံဖိသံထည်တုံးများ၊ ဆီလီကွန်၊ မဂ္ဂနိစ်၊ ဘောရစ်အက်စစ်မှုန့်နှင့် မီးခံအဝတ်စတို့ကို ပြည်တွင်းမှ ဝယ်ယူအသုံးပြုမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းအသုံးပြုမှုအနေဖြင့် တစ်လလျှင် (၇၃.၄) တန်ခန့် အသုံးပြုမည်ဖြစ်ကြောင်းနှင့် တစ်နှစ်လျှင် (၈၈၀) တန်ခန့် အသုံးပြုမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှု အနေဖြင့် သံစိမ်းသံချောင်း (Mild Iron Bar) တို့ကို တစ်ရက်လျှင် (၅) တန်ခန့် ထုတ်လုပ်သွားမည် ဖြစ်ကြောင်း၊ ရေသုံးစွဲမှုအနေဖြင့် စက်မှုဇုန်ရေပေးဝေရေးစနစ် (မြစ်ရေတင်) မှရေကို အဓိကသုံးစွဲလျက်ရှိကြောင်းနှင့် ကိုယ်ပိုင်အဝီစိတွင်းမရှိကြောင်း၊ လျှပ်စစ်သုံးစွဲမှုအနေဖြင့် အမျိုးသားဓာတ်အား စနစ်မှ အဓိကအသုံးပြုမည်ဖြစ်ကြောင်းနှင့် တစ်လလျှင် လျှပ်စစ်ယူနစ် (၁၁,၀၀၀ မှ ၁၄,၀၀၀)ခန့် အသုံးပြုကြောင်း၊ လျှပ်စစ်မီးပြတ်တောက်ချိန်တွင် အသုံးပြုရန်အတွက် အရန်မီးစက် (၁) လုံး ထားရှိဆောင်ရွက်ကြောင်းနှင့် တစ်နှစ်လျှင် ဒီဇယ်ဆီ (၈၀၀) ဂါလန်ခန့်

အသုံးပြုကြောင်း၊ လုပ်ငန်း လည်ပတ်ရန်အတွက် အမြဲတမ်းဝန်ထမ်းအင်အားအဖြစ် ကျား (၃၀) ဦးနှင့် မ (၂) ဦးဖြင့် လုပ်ငန်း လည်ပတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းစက်မှုဇုန်၊ ပတ္တမြားရပ်ကွက်၊ အမှတ်(ဇ/၁၀)၊ မြေရေိယာ (၂) ကေပေါ်တွင် တည်ရှိပါသည်။


အောင်ဇော်ဦးလျှပ်စစ်သံရည်ကျိုလုပ်ငန်းမှ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းစက်မှုဇုန်၊ ပတ္တမြားရပ်ကွက်၊ အမှတ်(၈/၁၀)၊ မြေရေိယာ (၂) ကေပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်သံရည်ကျိုလုပ်ငန်း၏ စီမံကိန်းတည်နေရာပြမြေပုံ



**အောင်ဇော်ဦးလျှပ်စစ်သံရည်ကျိုလုပ်ငန်းမှ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းစက်မှုဇုန်၊ ပတ္တမြားရပ်ကွက်၊ အမှတ်(၈/၁၀)၊ မြေဧရိယာ (၂) ဧကပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်သံရည်ကျိုလုပ်ငန်း၏ Factory Layout Plan**



**အောင်ဇော်ဦးလျှပ်စစ်သံရည်ကျိုလုပ်ငန်းမှ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းစက်မှုဇုန်၊ ပတ္တမြားရပ်ကွက်၊ အမှတ်(၈/၁၀)၊ မြေဧရိယာ (၂) ဧကပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်သံရည်ကျိုလုပ်ငန်း၏ စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်**



နောက်ဆက်တွဲ(ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ

### ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာအရ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူက ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၀-၉-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၂/ ၇/ ၈ (၃၅၇၇/၂၀၂၄) ဖြင့် တင်ပြလာသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာတွင် ဖော်ပြထားသည့် ကတိကဝတ်များနှင့် အောက်ဖော်ပြပါ အလေးထားလိုက်နာရမည့် ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့်လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ စီမံကိန်းနှင့်သက်ဆိုင်သည့် အခြား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်မှာ ကုန်ကြမ်းပစ္စည်းများကို ရွေးချယ်ပြင်ဆင်ခြင်း၊ ရွေးချယ်ထားသော သံအပိုင်းအစများကို မီးဖိုအတွင်းထည့်၍ အပူပေးခြင်း၊ အရည်ကျိုခြင်း၊ ဓာတုနည်းအရ ခွဲခြမ်းစိတ်ဖြာ၍ သတ္တုစပ်ခြင်း၊ အပူချိန်ထိန်းချုပ်ခြင်း၊ အညစ်အကြေးနှင့် ဓာတ်ငွေ့များကို ဖယ်ရှား၍ သန့်စင်ခြင်း၊ ပုံစံသွန်းလောင်းခြင်း၊ အအေးခံခြင်း၊ ပုံစံခွက်မှ ခွာယူခြင်း၊ ဖြတ်တောက်ခြင်း၊ အချောသတ်ခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းတို့ ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလည်ပတ်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(ကက) မီးခိုးခေါင်းတိုင်များကို စနစ်တကျ တပ်ဆင်ဆောင်ရွက်ရန်၊

(ခခ) ဖုန်နှင့် အမှုန်အမွှားများထွက်ရှိမှု လျှော့ချနိုင်ရေးအတွက် စက်ရုံဝန်း အတွင်း ရေဖျန်းခြင်းများ ဆောင်ရွက်ရန်၊

(ဂဂ) လေထုညစ်ညမ်းခြင်းကို လျှော့ချနိုင်ရေးအတွက် Water Circulation System အသုံးပြုသော ရေဖျန်း၍ အမှုန်အမွှားနှင့် မီးခိုးသန့်စင်ကိရိယာ (Wet Scrubber) တပ်ဆင်ဆောင်ရွက်ရန်၊

(ဃဃ) အရည်ကျိုလုပ်ငန်းရှိ Wet Scrubber နှင့် လုပ်ငန်းရှိ ဓာတ်အားပေး မီးစက်အား ပုံမှန်စစ်ဆေးထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်၊

(ငင) လေထုညစ်ညမ်းမှုမရှိစေရေး အရည်အသွေးမြင့် ကုန်ကြမ်းနှင့် စက်သုံးဆီများ အသုံးပြုဆောင်ရွက်ရန်၊

(စစ) အစိတ်အပိုင်းများ ယိုယွင်းပျက်စီးခြင်းမှ ဓာတ်ငွေ့ထုတ်လွှတ်ခြင်းအား ကာကွယ်ရန် Induction မီးဖိုများနှင့် ဆက်စပ်ပစ္စည်းများကို ပုံမှန် စစ်ဆေးထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်၊

(ဆဆ) လေပြင်းတိုက်ခတ်မှုနှင့် လေထုညစ်ညမ်းမှုကို ကာကွယ်ရန် စက်ရုံဝန်းအတွင်း (၆) ပေ အကွာဖြင့် သစ်ပင်သုံးတန်း စိုက်ပျိုးရန်။

(၂) စီမံကိန်းဖျက်သိမ်းခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက် ရမည်-

(ကက) ယာဉ်/ယန္တရားများအား ပုံမှန်စစ်ဆေးထိန်းသိမ်းဆောင်ရွက်ရန်၊

(ခခ) ဖြိုဖျက်ခြင်းမှ အမှုန်အမွှားများ ထွက်ရှိမှုအား ကာကွယ်ရန် ရေဖျန်းခြင်း ကဲ့သို့သော ဖုန်မှုန့်များထွက်ရှိမှု နည်းပါးစေရေး နည်းလမ်းများကို အသုံးပြုဆောင်ရွက်ရန်၊

(ဂဂ) အကြိုလုပ်ငန်းကာလ၌ ကုန်ကြမ်းများ လက်ကျန်မရှိစေရေး ဆောင်ရွက်ရန်၊

(ဃဃ) စွန့်ပစ်ပစ္စည်းများကို စနစ်တကျ ဖယ်ရှားစွန့်ပစ်ရန်။

(ဃ) **စွန့်ပစ်ရေစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည်-

(၁) စက်ရုံဝန်းအတွင်း ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများ စနစ်တကျ ပြုလုပ်ဆောင်ရွက်ရန်၊

(၂) စွန့်ပစ်ရေ၊ စက်ဆီ၊ ချောဆီစသည့် ညစ်ညမ်းပစ္စည်းများ ပါဝင်သည့် ရေများကို သန့်စင်ဆောင်ရွက်ပြီးမှသာ ရေမြောင်းအတွင်းသို့ စွန့်ထုတ်ရန်၊

(၄) လုပ်ငန်းခွင်အတွင်း Oil Traps ၊ မိလ္လာကန်များနှင့် သိုလှောင်မှုစွန့်ပစ် ဧရိယာများအတွင်း ပုံမှန်စစ်ဆေးခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်ရန်၊

(၅) ဓာတုပစ္စည်းများအား ပါဝင်သည့် စွန့်ပစ်ရေများကို စနစ်တကျ သန့်စင်ပြီးမှသာ စွန့်ပစ်ရန်။

(၆) ရေဖျန်း၍ အမှုန်အမွှားနှင့် မီးခိုးသန့်စင်ကိရိယာ (Wet Scrubber) တပ်ဆင် အသုံးပြုခဲ့ပါက ၎င်းကိရိယာတွင် အသုံးပြုမည့် ရေများကို ပြင်ပသို့ ဖောက်ချ စွန့်ထုတ်ခြင်းမပြုဘဲ လည်ပတ်အသုံးပြုသည့် (Recirculation) စနစ်ဖြင့် ဆောင်ရွက်ရန်။

(င) **ဆူညံသံနှင့် တုန်ခါမှုစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ပိုင်းဆိုင်ရာ ပြဿနာများကြောင့် ဆူညံသံများ ဖြစ်ပေါ်မှုကို လျှော့ချရန်နှင့် စွမ်းဆောင်ရည် အကောင်းဆုံး ဖြစ်စေရန် Induction မီးဖိုများနှင့် ဆက်စပ် ပစ္စည်းများကို ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရန်၊

(၂) ဆူညံသံနှင့် တုန်ခါမှုတို့ကို လျှော့ချရန် ထုတ်လုပ်မှု အချိန်ဇယားများကို စနစ်တကျ စီစဉ်ဆောင်ရွက်ရန်၊

(၃) စက်ရုံအတွင်းရှိ မီးစက်များကို ဆူညံသံအကာအရံအခန်းများ တည်ဆောက်ထားရှိရန်နှင့် အသံလုံကိရိယာများ တပ်ဆင်ဆောင်ရွက်ရန်၊

(၄) သယ်ယူပို့ဆောင်ရေးလမ်းကြောင်းတွင် ယာဉ်များကို အရှိန်နှုန်း သတ်မှတ်၍ ဆောင်ရွက်ရန်၊

(၅) လုပ်ငန်းခွင်ရှိ ဆူညံသည့်နေရာ၌ လုပ်ကိုင်သော အလုပ်သမားများအား တစ်ကိုယ်ရေ ကာကွယ်ရေးကိရိယာများ အသုံးပြုခြင်းဆိုင်ရာ သင်တန်းများ ပေးခြင်းနှင့် အသုံးပြုဝတ်ဆင်စေရေး စစ်ဆေးဆောင်ရွက်ရန်၊

(၆) စီမံကိန်းဖျက်သိမ်းခြင်းကာလတွင် အကြီးစားစက်ယန္တရားများ အသုံးမပြုပဲ ဆူညံသံများကို လျှော့ချပေးသည့် နည်းလမ်းများကို ရွေးချယ်အသုံးပြု ဆောင်ရွက်ရန်။

(စ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းမှ ထွက်ရှိသည့် ချော်များ၏ ပမာဏ သုံးပုံတစ်ပုံကို သံနှင့် သတ္တုများ ပြန်လည်ထုတ်ယူအသုံးပြုခြင်း (Recycle) နည်းလမ်းဖြင့် ဆောင်ရွက်ရန်၊

(၂) ချော်များကို လိုင်စင်ရရှိထားသော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေးအဖွဲ့နှင့်ချိတ်ဆက် စွန့်ပစ်ရန်၊

(၃) အိမ်သုံးစွန့်ပစ်အမှိုက်နှင့် လုပ်ငန်းမှ အသုံးမလိုသော ပစ္စည်းများကို ပြန်လည်ရောင်းချခြင်းနှင့် စည်ပင်သာယာ အမှိုက်စွန့်ပစ်ကန်သို့ စနစ်တကျစွန့်ပစ်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများကို စနစ်တကျ ပြန်လည်သိမ်းဆည်းအသုံးပြုခြင်း၊ အမျိုးအစားခွဲခြားစွန့်ပစ်ခြင်း၊ စွန့်ပစ်ချော်၊ ကျောက်မှုန့်၊ မီးခံအဝတ်စများကို မိုးလုံလေလုံဂိုဒေါင်တွင် သိုလှောင်ပြီး လိုင်စင်ရစွန့်ပစ်ပစ္စည်းအဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊

(၅) လုပ်ငန်းမှထွက်ရှိသော ဘေးအန္တရာယ်ရှိ (Heavy Metal) စွန့်ပစ်အမှိုက်များကို စနစ်တကျ သိုလှောင်ထားပြီး လိုင်စင်ရစွန့်ပစ်ပစ္စည်းအဖွဲ့နှင့် ချိတ်ဆက်၍ တစ်နှစ်လျှင် (၄) ကြိမ်ခန့် ချိတ်ဆက်စွန့်ပစ်ရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း (Heavy Metal) များကြောင့် လုပ်သားများ ထိခိုက်မှုမရှိစေရန် လုပ်ငန်းခွင်တွင် PPE ဝတ်စုံများ၊ လက်အိတ်များ၊ ဦးထုပ်၊ မျက်မှန်၊ နှာခေါင်းစည်း၊ ဖိနပ်တို့ဖြင့် လုပ်ငန်းဆောင်ရွက်ရန်၊

(၇) စက်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ သန့်ရှင်းရေးနှင့် အခြားသော လုပ်ငန်းဆောင်ရွက်မှုများမှ ထွက်ရှိလာသော အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စီမံခန့်ခွဲ၍ စွန့်ပစ်ရန်၊

(၈) စီမံကိန်းဖျက်သိမ်းခြင်းကာလတွင် ဖြိုဖျက်ခြင်းမှ ထွက်လာသော အမှိုက်ပမာဏကို လျှော့ချရန်အတွက် ပြန်လည်အသုံးပြုနိုင်သည့် ပစ္စည်းများအား သိမ်းဆည်းခြင်းနှင့် ပြန်လည်အသုံးပြုခြင်းတို့ ဆောင်ရွက်ရန်နှင့် ဒေသဆိုင်ရာ စည်းမျဉ်းများ၊ လမ်းညွှန်ချက်များနှင့်အညီ ဖြိုဖျက်စွန့်ပစ်အမှိုက်များကို စွန့်ပစ်ရန်။

(ဆ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်ရှိ အလုပ်သမားများအား ရှေးဦးသူနာပြုသင်တန်း၊ လုံခြုံရေးသင်တန်း၊ မီးဘေးအန္တရာယ် ကာကွယ်ရေးသင်တန်းနှင့် တခြား မရှိမဖြစ်လိုအပ်သော အရေးပေါ်ကိစ္စများအတွက် စက်ယန္တရားများ ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းများ လေ့ကျင့်သင်ကြားပေးရန်၊

(၂) ‌ေလျှင်နှင့် သဘာဝအန္တရာယ်များအတွက် အရေးပေါ် သင်တန်းများ ပို့ချဆောင်ရွက်ရန်၊

(၃) စက်ရုံတွင် အသုံးပြုသည့် ဓာတုပစ္စည်းများကို တံဆိပ်ကပ်ခြင်း၊ သိမ်းဆည်းခြင်းနှင့် စနစ်တကျ ကိုင်တွယ်ဆောင်ရွက်ရန်၊

(၄) သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍနှင့် တာဝန်အလိုက် လုပ်ကိုင်ဆောင်ရွက်ရသော အလုပ်သမားများအား တစ်ကိုယ်ရေ ကာကွယ်ရေးကိရိယာများ အသုံးပြုခြင်းဆိုင်ရာ သင်တန်းများပေးခြင်းနှင့် အသုံးပြု ဝတ်ဆင်စေရေး ကြပ်မတ်ဆောင်ရွက်ရန်၊

(၅) ကိုဗစ်-၁၉နှင့် ကူးစက်ရောဂါများ မဖြစ်ပွားစေရန် တားမြစ်ကန့်သတ်ချက်များ စည်းကမ်းချက်များ လိုက်နာဆောင်ရွက်ခြင်း၊ နှာခေါင်းစည်း တပ်ဆင်ခြင်း၊ လူမှုဖူလုံရေး ရန်ပုံငွေများ ထည့်သွင်းပေးခြင်း၊ နေမကောင်းပါက ပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အရည်ကျိုလုပ်ငန်းသုံး အပူခံလက်အိတ်၊ မျက်နှာကာ၊ ရင်ကာ၊ ဖိနပ်တို့ ဝတ်ဆင်စေခြင်း၊ လုပ်ငန်းခွင်တွင် လေပန်ကာများ တပ်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊

(၆) အရေးပေါ် ဖြစ်စဉ်များအတွက် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို မြင်သာသော နေရာတွင် ထားရှိပြီး လုံခြုံရေးတာဝန်ခံမှ အချိန်နှင့် တပြေးညီ သတင်းပို့နိုင်ရေး ဆောင်ရွက်ရန်၊

(၇) လုပ်ငန်းလုပ်ဆောင်ချက်များအလိုက် သတိပေးဆိုင်းဘုတ်များ တပ်ဆင်ဆောင်ရွက်ရန်၊

(၈) သတ်မှတ်လုပ်ငန်းချိန်များအလိုက် စနစ်တကျဆောင်ရွက်ရန်၊

(၉) စက်ရုံရှိစက်ပစ္စည်းများ ပုံမှန်စစ်ဆေးခြင်း၊ ဝန်နှင့်အားမျှတအောင် သုံးစွဲရန်၊

(၁၀) ဝန်ထမ်းခေါင်းဆောင်အား ဘေးအန္တရာယ်စောင့်ကြပ်ကြည့်ရှုရေး အရာရှိအဖြစ်ဆောင်ရွက်ရန်၊

(၁၁) မီးခံအဝတ်နှင့် ချော်များကို (PPE) အသုံးပြု၍ ကိုင်တွယ်ဆောင်ရွက်ရန်၊

(၁၂) မီးခံအဝတ် အသုံးပြုခြင်းကို လျှော့ချနိုင်ရန် မလိုအပ်ဘဲ လုံလိုင်နာလဲခြင်းကိုရှောင်ကြဉ်ရန်၊

(၁၃) စီမံကိန်းလုပ်ငန်းခွင်မှ ချော်ထွက်ရှိမှု နည်းပါးစေရန် အရည်အသွေးမြင့်သံကုန်ကြမ်းများသုံးခြင်းနှင့် မလိုအပ်ဘဲ လက်ဖြင့် တိုက်ရိုက်ကိုင်တွယ်ခြင်းကိုရှောင်ကြဉ်၍ စက်ယန္တရားများ အသုံးပြုဆောင်ရွက်ရန်၊

(၁၄) ချော်၊ မီးခံအဝတ်ကြောင့် လုပ်သားများ ကျန်းမာရေးထိခိုက်မှုမဖြစ်ပေါ်စေရန်ကျန်းမာရေး ပုံမှန်စစ်ဆေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကိုဆောင်ရွက်ရန်။

(ဓ) **စွမ်းအင်စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အပူနှင့် အအေးကို ထိန်းချုပ်ရန် Timer များနှင့် အပူချိန်ထိန်း ကိရိယာများကိုတပ်ဆင်ထားရှိရန်၊

(၂) စွမ်းအင်လျှော့ချသည့် မီးလုံးများ၊ မီးချောင်းများနှင့် ကိရိယာများ တပ်ဆင်ရန်၊

(၃) အသုံးမပြုသည့်အခါတွင် စက်ပစ္စည်းများနှင့် မီးများကို ပိတ်ခြင်းနှင့်မိန်းချခြင်းများကို စနစ်တကျ ဆောင်ရွက်ရန်။

(န) **ရေအသုံးချမှုစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေသုံးစွဲမှုအား ထိန်းချုပ်ရန် ရေမီတာများ တပ်ဆင်ရန်၊

(၂) ဝန်ထမ်းများအား ရေအသုံးပြုမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများဆောင်ရွက်ရန်။

(ပ) **မီးဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဖြစ်နိုင်ချေရှိသော မီးဘေးအန္တရာယ်ကို ဆန်းစစ်ဖော်ထုတ်ရန်နှင့် မီးဖိုနှင့်ဆက်စပ်ပစ္စည်းများကို ပုံမှန်စစ်ဆေးဆောင်ရွက်ရန်၊

(၂) ဝန်ထမ်းများအားလုံးကို မီးငြိမ်းသတ်ရေးသင်တန်း လေ့ကျင့်သင်ကြားရန်နှင့်လက်တွေ့လေ့ကျင့်မှုများ ဆောင်ရွက်ရန်၊

(၃) မီးဖိုအနီးတွင် လုပ်ဆောင်နေသော ဝန်ထမ်းများအတွက် လိုအပ်သည့် သင်တန်းများ လေ့ကျင့်သင်ကြားမှုများ ဆောင်ရွက်ရန်၊

(၄) မီးခိုးငွေ့များကို ထိန်းချုပ်ရန်နှင့် လောင်ကျွမ်းနိုင်သော ဓာတ်ငွေ့များ စုပုံလာခြင်းကို တားဆီးရန် လုံလောက်သော လေဝင်လေထွက် ရှိအောင် ဆောင်ရွက်ရန်၊

(၅) သတ္တုမီးများအား ငြိမ်းသတ်ရန် Dry Powder အသုံးပြုထားသည့် Class D မီးသတ်ဆေးဘူးများကို အသုံးပြု လွယ်ကူစေသော နေရာများတွင် ထားရှိ ဆောင်ရွက်ရန်နှင့် မီးသတ်ရေပိုက်များထားရှိရန်၊

(၆) အလုပ်ခွင်တွင် ဆေးလိပ်သောက်ခြင်းအား တင်းကြပ်စွာ တားမြစ်ရန်၊

(၇) အရေးပေါ်အခြေအနေ ဖြစ်ပေါ်ပါက ဆက်သွယ်ရမည့် အနီးစပ်ဆုံး မီးသတ်စခန်း၊ နယ်မြေရဲစခန်း၊ ဆေးရုံ စသည်တို့၏ ဖုန်းနံပါတ်များအား အလွယ်တကူ မြင်နိုင်သော နေရာတွင် ထားရှိရန်၊

(၈) အရေးပေါ်ထွက်ပေါက်နှင့် စုရပ်နေရာအား စက်ရုံအတွင်းတွင် ညွှန်ပြ ထားရှိရန်၊

(၉) မီးငြိမ်းသတ်ရေးပစ္စည်းများကို ပုံမှန်စစ်ဆေးခြင်းများ ပြုလုပ်ဆောင်ရွက်ရန်၊

(၁၀) မီးငြိမ်းသတ်ရေသိုလှောင်ကန် ထားရှိဆောင်ရွက်ရန်၊

(၁၁) မီးလောင်မှုဖြစ်ပွားပါက အလုပ်သမားများအား သတိပေးနိုင်ရန်အတွက် စက်ရုံတွင် အရေးပေါ် မီးသတိပေးချက် (Fire Alarm) တပ်ဆင်ထားရှိရန်၊

(၁၂) အရေးပေါ်ထွက်ပေါက်တွင် စက်ပစ္စည်းများ သို့မဟုတ် အခြားပစ္စည်းများနှင့် ပိတ်ဆို့မှု မဖြစ်စေရေး ဆောင်ရွက်ရန်။

(ဠ) **အပူဒဏ်လျှော့ချရေးစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အလုပ်သမားများအတွက် သင့်လျော်သောရေဓာတ်ရရှိအောင် ပြုလုပ်ပေးခြင်းနှင့် အရိပ်ရှိသော သို့မဟုတ် အေးသောနေရာများတွင် အနားယူနိုင်ရန် အလုပ်အချိန်ဇယားများ ချမှတ်ခြင်းနှင့် အလုပ်တာဝန်များကို အလှည့်ကျ လုပ်ကိုင်စေရေး ဆောင်ရွက်ရန်၊

(၂) လုပ်သားများ အပူဒဏ်လျော့ပါးစေရေးအတွက် အရည်ကျိုအလုပ်ရုံကို လေဝင်လေထွက် ကောင်းမွန်စေသော ခေါင်မိုးအမြင့်ထားရှိခြင်း၊ လေဝင်ပေါက်များဖောက်ထားခြင်း၊ လေစုပ်ပန်ကာများ တပ်ဆင်ထားခြင်း၊ ရွှေ့ပြောင်းလွယ်ပန်ကာများ အသုံးပြုခြင်းတို့ဖြင့် အပူဒဏ် ပျံ့လွင့်မှုကို ထိန်းချုပ်စီမံရန်၊

(၃) လုပ်သားများကို လုပ်ငန်းခွင် အပူဒဏ် ကာကွယ်ရန်အတွက် မျက်နှာကာ၊ နှာခေါင်းစည်း၊ အပူခံလက်အိတ်ရှည်များ၊ အပူခံရင်ကာများ ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ရန်၊

(၄) စီမံကိန်းရှိ ရှေးဦးသူနာပြုပစ္စည်းများတွင် အပူဒဏ်ထိခိုက်မှုလိမ်းဆေးများနှင့် ခတ်ဆားများကို လိုအပ်သလို အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ရန်။

(၅) **အငွေ့ဒဏ်လျှော့ပါးရေးစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်သားများ အငွေ့ဒဏ်ကြောင့် ထိခိုက်သက်ရောက်မှုများ လျှော့ချနိုင်ရေးအတွက် အရည်ကျိုလုံများတွင် အငွေ့စုဇလား (Fume Hood) များ တပ်ဆင်ခြင်း၊ အရည်ကျိုလုံကို အုတ်စီနံရံဖြင့် ကာရံခြင်း၊ လုံလောက်သော အမြင့်နှင့် အချင်းရှိ မီးခိုးခေါင်းတိုင်တပ်ဆင်ခြင်း၊ အရည်ကျိုအလုပ်ရုံ၏ အမြင့်မှာ လေဝင်လေထွက်ကောင်းစေသော အမြင့်ရှိစေရန် ဆောင်ရွက်ခြင်း၊ လေထွက်ပေါက်များ ထည့်သွင်းတည်ဆောက်ခြင်း၊ လေစုပ်ပန်ကာများ တပ်ဆင်ခြင်းနှင့် ရွေ့ပြောင်းလွယ်ပန်ကာများ လုပ်ငန်းခွင်တွင် တပ်ဆင်အသုံးပြုခြင်းဖြင့် အငွေ့ဒဏ်ထိခိုက်သက်ရောက်မှုကို လျှော့ချဆောင်ရွက်ရန်၊

(၂) လုပ်သားများ အငွေ့ဒဏ်ထိခိုက်သက်ရောက်မှုနည်းပါးစေရန် လုပ်ငန်းခွင်တစ်ကိုယ်ရေကာကွယ်ရေးသုံးပစ္စည်း (PPE) များ၊ မျက်နှာကာ၊ နှာခေါင်းစည်းများ ပံ့ပိုးဆောင်ရွက်ရန်။

(၃) **ဓာတုဗေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်စေရန် ဓာတုပစ္စည်းများကို သတ်မှတ်စံနှုန်းများအတိုင်း ကိုင်တွယ်အသုံးပြုရန်၊

(၂) မတော်တဆထိခိုက်မှုများ၊ ဓာတ်ပြုမှုများနှင့် ပတ်ဝန်းကျင်တွင် ပျံ့လွင့်ညစ်ညမ်းခြင်း မဖြစ်ပေါ်စေရန် သတ်မှတ်ချက်များအတိုင်း စနစ်တကျခွဲခြားသိုလှောင်အသုံးပြုရန်၊

(၃) ဓာတုပစ္စည်း သိုလှောင်ခန်းတွင် လေဝင်လေထွက်ကောင်းမွန်စေရေးနှင့် ခြောက်သွေ့၍ အေးမြနေစေရေး ဆောင်ရွက်ရန်၊

(၄) ဓာတုပစ္စည်းများကို အပူဒဏ်ကျရောက်မှုမရှိစေရေး၊ နေရောင်ကျရောက်မှုမရှိစေရေး၊ မီးတောက်မီးလျှံများ ထိတွေ့မှုမဖြစ်စေရေးနှင့် မီးပွင့်ပေါက်ကွဲမှုမဖြစ်စေရေးအတွက် ၎င်းတို့နှင့် ဝေးရာတွင် စနစ်တကျသိုလှောင်ထားရှိရန်၊

(၅) ဓာတုပစ္စည်းများကြောင့် မီးလောင်ခြင်း၊ ပေါက်ကွဲခြင်းနှင့် အဆိပ်ဓာတ်ငွေ့များ ထုတ်လုပ်ခြင်းမဖြစ်ပေါ်စေရန် အမျိုးအမည်များကို သေချာရေးထိုးထားပြီး ခွဲခြားထားရှိရန်၊

(၆) စီမံကိန်းလုပ်ငန်းအနေဖြင့် အသုံးပြုသော ဓာတုပစ္စည်းများမှာ အထွေထွေသုံး သာမန်ဓာတုပစ္စည်းများ (Common Chemical) ဖြစ်သော်လည်း စီမံကိန်း လုပ်ငန်းတွင် လိုအပ်သည့် ပမာဏ အနည်းငယ်ကိုသာ ဝယ်ယူထားရှိရန်၊

(၇) ဓာတုသိုလှောင်ခန်းအပြင်နှင့် အတွင်းတွင် ဓာတုသတိပေးဆိုင်းဘုတ်များ၊ အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ၊ မီးဘေးကာကွယ်ရေးပစ္စည်းများနှင့် မီးသတ်ဆေးဘူးများကို ချိတ်ဆွဲထားရှိရန်။

(ဃ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးအတွက် စက်ရုံဧရိယာအတွင်း (VOC, $CO_2$, CO, $NO_2$, $SO_2$, $PM_{10}$, $PM_{2.5}$, Relative Humidity, Temperature) ပါရာမီတာတို့ကို (၁) နှစ်လျှင် (၂) ကြိမ် တိုင်းတာဆောင်ရွက်ရန်၊

(၂) ရေအရည်အသွေးအတွက် စက်ရုံ၏ နောက်ဆုံးရေစွန့်ပစ်ရာ နေရာမှ စွန့်ပစ်ရေအား (pH, Cadmium, Chromium, Iron, Nickel, Zinc, COD) ပါရာမီတာတို့ကို (၁) နှစ်လျှင် (၂) ကြိမ် တိုင်းတာဆောင်ရွက်ရန်၊

(၃) ဆူညံသံကို စက်ရုံဧရိယာအတွင်း (၁) နှစ်လျှင် (၂) ကြိမ် တိုင်းတာ ဆောင်ရွက်ရန်၊

(၄) မြေအရည်အသွေးအတွက် စက်ရုံဧရိယာအတွင်းရှိ မြေအား (pH, Cadmium, Chromium, Zinc, Nickel, Iron, Moisture) ပါရာမီတာတို့ကို (၁) နှစ်လျှင် (၂) ကြိမ် တိုင်းတာ ဆောင်ရွက်ရန်၊

(၅) ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာ စောင့်ကြပ်ကြည့်ရှုခြင်းအား လစဉ် ဆောင်ရွက်ရန်။

(င) **တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်တို့အတွက် အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(စ) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိ ဒေသခံများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့ဆန္ဒနှင့် သဘောထားများကို ညှိနှိုင်းဆောင်ရွက်ရမည်။

(ဆ) **လျှာထားအသုံးစရိတ်။** ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာပါ အသုံးပြုမည့် လျာထားအသုံးစရိတ်များအား တစ်ဖက်ပါ ကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှု မရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) စီမံကိန်းလည်ပတ်ခြင်းကာလတွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် နှစ်စဉ်ရန်ပုံငွေ (၁၆,၀၀၀,၀၀၀) ကျပ် လျာထားသုံးစွဲရန်၊

(၂) စီမံကိန်းလည်ပတ်ခြင်းကာလတွင် စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် နှစ်စဉ်ရန်ပုံငွေ (၂,၈၀၀,၀၀၀) ကျပ် လျာထားသုံးစွဲရန်၊

(၃) လုပ်ငန်းစုစုပေါင်းအမြတ်ငွေ၏ (၂) % အား ဒေသဖွံ့ဖြိုးမှုနှင့် လူမှုစီးပွား တိုးတက်ရေးအတွက် သုံးစွဲရန်၊

(၄) စီမံကိန်းဖျက်သိမ်းခြင်းကာလအတွက် ရန်ပုံငွေ (၂၀,၀၀၀,၀၀၀) ကျပ် လျာထား သုံးစွဲရန်။

(ဒ) **လုပ်ငန်းပိတ်သိမ်းခြင်းအဆင့် သက်ရောက်မှု လျှော့ချမည့်အစီအစဉ်။** စီမံကိန်း ပိတ်သိမ်းခြင်းကာလအတွင်း ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေးအတွက် စက်ရုံ ပိတ်သိမ်းခြင်းကို ဆက်စပ်ဌာနဆိုင်ရာများ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာ ဆောင်ရွက်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပိတ်သိမ်းခြင်း မဆောင်ရွက်မီ တစ်လ ကြိုတင်၍ ပိတ်သိမ်းမည့် အစီအစဉ်ကို တင်ပြရမည်။

**ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက် ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀) မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာ နိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှင်လှုပ်ခြင်း ကဲ့သို့သော ဘေးအန္တရာယ်များ အတွက် အစီအမံများ ရေးဆွဲ၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ် အကြေးများ၊ ဓာတုစွန့်ပစ်ပစ္စည်းများ၊ စီမံကိန်းလုပ်ငန်းများမှ ထွက်ရှိလာသော

စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှု ပပျောက်ရေး ဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့် ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စီမံကိန်းလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် အရည်အသွေးနှင့် သတ်မှတ်ချက်မပြည့်မီသည့် ကုန်ကြမ်းနှင့် ကုန်ချောပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများကို ထွက်ရှိမှု လျှော့ချခြင်း (Reduce)၊ ပြန်လည်သုံးစွဲခြင်း (Reuse) နှင့် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း (Recycle) 3Rs စနစ်ဖြင့် စီမံဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်၊

(၉) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၄၊ ၁၅ နှင့် ၁၆ တို့အရ ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုဖြစ်ပေါ်စေသည့် ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင် အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်ရန်၊ ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် လုပ်ငန်း သို့မဟုတ် ပိုင်ရှင်ဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို စောင့်ကြပ်ကြည့်ရှုရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာ စုပေါင်းအစီအမံတွင် သတ်မှတ်သည့် ငွေ သို့မဟုတ် ပစ္စည်းထည့်ဝင်၍ ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အသုံးပြုခ သို့မဟုတ် စီမံခန့်ခွဲမှုကုန်ကျစရိတ်ကို ထည့်ဝင်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်။

(၁) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) လေအရည်အသွေးအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၏ လုပ်ငန်းကဏ္ဍအလိုက် လမ်းညွှန်ချက်များ အပိုဒ် ၂.၃.၇.၃ ပါ သတ်မှတ်ထားသော လမ်းညွှန်တန်ဖိုးများနှင့်အညီ ထိန်းသိမ်း လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်း ဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု 3 dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စက်ရုံမှ ထွက်ရှိသော စွန့်ပစ်ရေအရည်အသွေးအား အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာ အရည်အသွေး (ထုတ်လုပ်မှု) လမ်းညွှန်ချက်များ၏ လုပ်ငန်း ကဏ္ဍအလိုက် လမ်းညွှန်ချက်များ အပိုဒ် ၂.၃.၇.၃ ပါ သတ်မှတ်ထားသော လမ်းညွှန်တန်ဖိုးများနှင့်အညီ ထိန်းသိမ်းလိုက်နာဆောင်ရွက်ရန်၊

(၄) အသုံးပြု ကုန်ကြမ်းပစ္စည်းများ၊ စက်ပစ္စည်းများနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ် ပြောင်းလဲမှုရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေး ကြပ်မတ် ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်း သတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက် စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရမည်။

(င) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်း အဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ တစ်ဖက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေး ဆောင်ရွက်ရန်၊

(၂) စီမံကိန်းကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သော အနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

(စ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှု ဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးအပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏ တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန်ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန်လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီအတွင်း လည်းကောင်း၊ အခြား

အကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့် အချိန်မှ (၇) ရက်အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေး တင်ပြရမည်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည် တင်ပြရမည်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက် စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက် ရာတွင် အစီရင်ခံသည့်အချိန်အထိ တိုးတက်မှုများ၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန် သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ စောင့်ကြပ်ကြည့်ရှုရန် သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များ။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများ ပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်း အစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(ဆ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ် / မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် သတင်းပို့အကြောင်းကြားရမည်။

(ဇ) **လူမှုတာဝန်သိအစီအစဉ်(CSR)ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက် မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကြောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊ စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်

မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရမည်။

(ဈ) **အများပြည်သူ သိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ည) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာအခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှု အားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့ စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်း သတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှရရှိသော ရလဒ်များကို မှတ်တမ်းတင် ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာ စုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက် အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများ စသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှု

နိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြား ရေးသား သဘောတူထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရမည်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ (၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရမည်၊

(၄) အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရန်တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀) ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရမည်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြား မည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရမည်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင် သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်း ဝင်ရောက်နိုင်ရေး ခွင့်ပြုရမည်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ် စာတွဲများအပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရမည်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင် စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့် နေ့ရက်မှစ၍ (၅) နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သက်တမ်း မကုန်ဆုံးမီ (၆) လ ကြိုတင်၍ သက်တမ်းတိုးရန်ဝန်ကြီးဌာနသို့ လျှောက်ထားရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၃၀) ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ

မည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင် ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ် တင်ပြ ရမည်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာ ဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ် ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်း အချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်နှင့် စည်းကမ်းချက်များ ထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်း ထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံး ရရှိနိုင်သောနည်းလမ်း အစီပွာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိ သာသာ အပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချ နိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည်

ဆိုးကျိုး သက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ် ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေ ထူထောင်ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ်များနှင့်ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထားအချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်း တစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

..............................................................................................................